ပန်းရွှေပြည်စာအုပ်တိုက်

အသိပညာ အလိမ္မာနှင့် ယဉ်ကျေးပျော်ရွှင်စေဖို့...

ကမ္ဘာကျော်

# ခရစ္စတိုဖာ ကိုလံဘတ်

ကောင်းမြတ်ခင်း



ပန်းရွှေပြည် လူငယ်စာစဉ် ၄

www.pannshwepyi.com
pannshwepyibookshop@gmail.com

အမျိုးဘာသာ သာသနာနှင့်
မြန်မာယဉ်ကျေးမှု အလေးဂရုပြုသော
မြန်မာပြည်ကို ချစ်ကြည်ညိုသော
'မြန်မာ'ဆိုတာ ဂုဏ်ယူပါသော
မြန်မာရေ၊မြေ ကျေးဇူးမမေ့သော
ရွှေမြန်မာ၊ရွှေတိုင်းရင်းသား
ရွှေကလေး၊ရွှေလူငယ်များ
ပန်းနှယ်ချစ်စဖွယ် ဖြစ်စေသား။

[illegible]

ပန်းရွှေပြည်စာအုပ်တိုက်
၂၄၀၊ သိမ်ဖြူလမ်းနှင့်အနော်ရထာလမ်းထောင့်၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉ ၅၁၈၁၇၀၅၊ ၀၉ ၅၁၄၅၇၂၈
www.pannshwepyi.com
pannshwepyibookshop@gmail.com

**တန်ဖိုး** ၅၀၀ ကျပ်

**အုပ်ရေ** ၅၀၀ အုပ်

**ပထမအကြိမ်** ၂၀၁၃ ခုနှစ် ဇူလိုင်လ

**မျက်နှာဖုံး** ပန်းရွှေပြည်

**ထုတ်ဝေသူ** ဦးသိမ်းမင်း (၀၄၂၉၁)
ပန်းရွှေပြည်စာအုပ်တိုက်
၃၃၄၊ ၈ လမ်း၊ ၁၁ ရပ်ကွက်၊
တောင်ဥက္ကလာပ၊ ရန်ကုန်မြို့။

**ပုံနှိပ်သူ** ဦးအောင်မြင့်သိန်း (၀၆၃၆၄)၊
အင်ကြင်းမြိုင်ပုံနှိပ်တိုက်၊
အမှတ် ၁၄၇ ဆိပ်ကမ်းသာလမ်း
ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။

**စာအုပ်ချုပ်** ထိပ်တန်း-မင်းဇော်

# ကမ္ဘာကျော်
# ခရစ္စတိုဖာ
# ကိုလံဘတ်

ကောင်းမြတ်မင်း

# Christopher Columbus

Minna Lacey



Illustrated by David Cuzik

ဒို့တာဝန် အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

ပြည်သူ့သဘောထား

- ✡ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✡ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✡ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✡ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- ✡ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- ✡ အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး။
- ✡ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
- ✡ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး။

စီးပွားရေးဦးတည်ချက် (၄) ရပ်

- ✡ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ✡ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ✡ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ✡ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး။

လူမှုရေးဦးတည်ချက် (၄) ရပ်

- ✡ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- ✡ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- ✡ စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- ✡ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# ကျွန်ုပ်ဘဝ

## ခရစ္စတိုဖာ ကိုလံဘတ်

၁၄၅၁ - ကျွန်ုပ် အီတလီပြည် ဂျီနိုအာမြို့မှာ မွေးပါတယ်။

၁၄၇၁ - သင်္ဘောပျက်ပြီး ပေါ်တူဂီကမ်းခြေဆီ ရောက်သွားခဲ့ပါတယ်။ လစ္စဘွန်းမြို့မှာ ခြေချမိတာပါပဲ။

၁၄၇၅ - ဒိုနာဖဲလီပါမိုးနစ်ကို လက်ထပ်ခဲ့ပါတယ်။

၁၄၈၀ - ကျွန်ုပ်တို့ သားကလေး ဒိုင်ဂိုကို မွေးပါတယ်။

၁၄၈၄ - အင်ဒီးကျွန်းတွေဆီသွားဖို့ ခရီးအတွက် ပေါ်တူဂီဘုရင်ဂျွန်ဆီက အထောက်အပံ့ကို တောင်းခံခဲ့ပါတယ်။ ငြင်းဆိုတာပဲ ခံရပါတယ်။

၁၄၈၅ - ဒင်နီးဟုပ်ဒိုနာဖဲလီပါ ကွယ်လွန်သွားတယ်။ စပိန်ဘုရင်ဖာဒီနန်နှင့် ဘုရင်မ အစ္စဘယ်လာဆီက အကူအညီတောင်းခံတယ်။

၁၄၉၂ - ဖာဒီနန်နှင့် အစ္စဘယ်လာရဲ့ အကူအညီကို ရပါတယ်။ စပိန်ဆိပ်ကမ်းမြို့ ပါးလော့စ်ကနေ အတ္တလန္တိတ်သမုဒ္ဒရာကို ပထမဆုံးခရီး ရွက်လွှင့်ခဲ့ပါတယ်။ လများစွာကြာခဲ့ပြီးမှ အင်ဒီစ်ကျွန်းတွေကို စတွေ့ရပါပြီ။ ဘဟားမားကျွန်းစုကို ခြေချမိတာပါပဲ။ ကျူးဘားနှင့် ဟေတီကျွန်းကို ရှာတွေ့တာပါပဲ။
ဆန်တာမာရီယာသင်္ဘောလည်း ပျက်စီးခဲ့တယ်။ လာနာဗီဒက်မှာ ခံတပ်လေးတစ်ခုကို တည်ဆောက်ကြပါတယ်။

ပန်းရွှေပြည်စာအုပ်တိုက်

၁၄၉၃ - ကျွန်ုပ် စပိန်ကို ပြန်ခဲ့ပါတယ်။ ဘာစီလိုနာနန်းတော်မှာ ဘုရင်နှင့်ဘုရင်မက လူစွမ်းကောင်းတစ်ယောက်လို နွေးထွေးလှိုက်လှဲစွာ ကြိုဆိုပါတယ်။
ပင်လယ်ရေကြောင်းဗိုလ်ချုပ်ကြီး ဖြစ်ခဲ့ရပါတယ်။
အတ္တလန္တိတ်သမုဒ္ဒရာလို ဒုတိယခရီးကြမ်းအဖြစ် ကာဒစ်ကနေ ထွက်ခွာခဲ့ပါတယ်။
နာဗီဒက်ခံတပ်ဟာ ဖျက်ဆီးခံထားရတာ မြင်တွေ့ရပါတယ်။ အခြေစိုက်နေထိုင်တဲ့ စပိန်တွေအားလုံး အသတ်ခံရပါတယ်။

၁၄၉၄ - ကျွန်ုပ် 'ကျူးဘား' နှင့် 'ဂျမေကား' ကို သွားလာစူးစမ်းရှာဖွေပါတယ်။

၁၄၉၅ - ဟစ်စပါနီယိုလာကျွန်းကို ထိန်းချုပ်နိုင်ဖို့ ကျွန်ုပ်တို့ 'တိုင်နို'တွေနှင့် တိုက်ခိုက်ရပါတယ်။

၁၄၉၆ - ကျွန်ုပ် စပိန်ကို ပြန်လာပါတယ်။

၁၄၉၈ - စပိန်ကထွက်တဲ့ ကျွန်ုပ်ရဲ့ တတိယရေကြောင်းခရီးကို 'စန်လူကာ'က စတင်ထွက်ခွာခဲ့ပါတယ်။ တိုက်အသစ် (တောင်အမေရိက) က 'ထရီနီဒက်ကျွန်း'ကို ကျွန်ုပ် တွေ့ရှိခဲ့ပါတယ်။ ရောမလှိုင်းလုံးကြီးကြောင့် သင်္ဘောမြုပ်လုခမန်း ဖြစ်ခဲ့ရပါတယ်။ ဟစ်စပါနီယိုလာကျွန်းမှာ ပုန်ကန်မှု ဖြစ်ပွားပါတယ်။

၁၅၀၀ - ယုတ်မာတဲ့ 'ဖရန်စစ္စကို ဒီဘိုဘာဒစ်လာ'က ကျွန်ုပ်ကို ဖမ်းပြီး သံကြိုးခတ်ကာ စပိန် ပြန်ပို့ခဲ့ပါတယ်။ ဘုရင်နှင့် မိဖုရားတို့က ကျွန်ုပ်ကို အပြစ်က ခွင့်လွှတ်ပေးခဲ့ပါတယ်။

၁၅၀၂ - စပိန်ကထွက်တဲ့ ကျွန်ုပ်ရဲ့ စတုတ္ထအကြိမ်ရေကြောင်း ခရီးကို ကားဒစ်ဇ်က စတင်ထွက်ခွာခဲ့ပါတယ်။ ဆန်တိုဒိုမင်ဂိုကျွန်းကိုဝင်ပြီး မုန်တိုင်းခိုဖို့ အခွင့်ငြင်းခံရပါတယ်။ ကျွန်ုပ် မဖြုံဘဲ ဆက်ပြီး စူးစမ်းရှာဖွေတဲ့အခါ ကမ်းရိုးတန်းအသစ်တစ်ခုကို တွေ့ရပါတယ်။ အလယ်ပိုင်း အမေရိကပါပဲ။

၁၅၀၃ - ကျွန်ုပ် ဂျမေကားကျွန်းမှာ စွန့်ပစ်ခံရပါတယ်။ ဒိုင်ဂိုမန်းဒက်ဇ်က အကူအညီရှာဖို့ ဆန်တိုဒိုမင်ဂိုကို ကနူးလှေနှင့် သွားပါတယ်။ သင်္ဘောသားတစ်ဝက်လောက်က ကျွန်ုပ်ကို ပုန်ကန်ကြပါတယ်။ ကံအားလျော်စွာ ကျွန်ုပ်ဘက်က နိုင်လိုက်ပါတယ်။

၁၅၀၄ - ဒိုင်ဂိုမန်းဒက်ဇ်က ကျွန်ုပ်ကိုကယ်ဖို့ သင်္ဘောတစ်စင်း ဆောင်ယူခဲ့ပါတယ်။ ကျွန်ုပ် လူမမာအဖြစ်နှင့် စပိန်ကို ပြန်ခဲ့ရပါတယ်။

**ခရစ္စတိုဖာကိုလံဘတ်ဟာ စပိန်ပြည် ဗယ်လက်ဒိုလစ်မှာ ၁၅၀၆ ခုနှစ် မေလ ၂၀ ရက်နေ့ ကွယ်လွန်ပါတယ်။**



## အခန်း - ၁
## ပင်လယ်သို့ ထွက်ခြင်း

'ခရစ္စတိုဖာ ကိုလံဘတ်'ဟာ ပင်လယ်ခရီးထွက်ဖို့ တောင့်တခဲ့ပါတယ်။ သူဟာ ပင်လယ်အကြောင်းကို တစ်နေ့လုံး စဉ်းစားနေပြီး၊ တစ်ညလုံးလည်း ပင်လယ်အကြောင်းပဲ အိပ်မက် မက်တတ်ပါတယ်။ အီတလီရဲ့ စည်ကားရာ ဆိပ်ကမ်းမြို့ ဂျီနိုအာအနီးမှာနေတဲ့အတွက် သူဟာ ရပ်ဝေးကနေ အဖိုးတန် ပိုးထည်တွေနှင့် ဟင်းခတ်အမွှေးအကြိုင်တွေ တင်ဆောင်ပြီး ဆိုက်ကပ်လာတဲ့သင်္ဘောတွေကို ကြည့်နေရတာ အလွန်နှစ်ခြိုက်ပါတယ်။ သူဟာ အော်ဟစ်ပြီး ရှုပ်ယှက်ခတ်နေတဲ့ ကုန်သည်တွေ, သင်္ဘောတွေနှင့် မာလိန်မှူးတွေကို ဆုံးဖြတ်ချက်ချထားတဲ့မျက်နှာမျိုးနှင့် ငေးစိုက်ကြည့်ရှုနေတတ်ပါတယ်။

'တစ်နေ့မှာ ငါလည်း သူတို့လို ဖြစ်ရမယ်။'

သူ့အဖေဟာ ရက်ကန်းစင်တစ်ခုကို ထောင်ထားပြီး၊ ကိုလံဘတ်ကို သူ့အလုပ်မှာပဲ ဝင်လုပ်လိမ့်မယ်လို့ မျှော်လင့်ခဲ့ပါတယ်။

ဒါပေမယ့် သူ့သားမှာက တခြားစိတ်ကူးတွေ ရှိနေပါတယ်။ သူဟာ ကမ္ဘာပတ်ဖို့ ရည်ရွယ်ထားပါတယ်။

သူ့အသက် ၁၄ နှစ်အရွယ်မှာ မြေထဲပင်လယ်တစ်ခွင်က ဆိပ်ကမ်းမြို့တွေကို လှည့်လည်ရောင်းချဖို့ ကုန်တွေတင်ထားတဲ့ ကုန်သည်သင်္ဘောတစ်စင်းနှင့် လိုက်ပါသွားခဲ့ပါတယ်။

ကိုလံဘတ်ဟာ ပင်လယ်အကြောင်း သူတတ်နိုင်သလောက် လေ့လာချင်ပါတယ်။ သူဟာ ကြိုးတွေကို တွယ်မတက်တတ်၊ ဒါမှ မဟုတ် ကုန်းပတ် မတိုက်တတ်သေးတဲ့အချိန်မှာ သူဟာ စာအုပ်တွေ ဖတ်၊ သမုဒ္ဒရာရဲ့ပုံတွေကို ကြည့်ပြီး သူ့ဘာသာသူ သင်ယူပါတယ်။ သူဟာ သံလိုက်အိမ်မြှောင်ကို သုံးပြီး၊ သင်္ဘော ဘယ်နေရာမှာ ရောက်နေတယ်ဆိုတာ သိရဖို့ လက်တွေ့စမ်းသပ်ကြည့်ပါတယ်။

ဒီနောက် သူ ၂၆ နှစ်အရွယ်ရောက်တဲ့အခါ အရာရာတိုင်းဟာ ပြောင်းလဲသွားပါပြီ။ ပေါ်တူဂီကမ်းရိုးတန်းအနီးက သင်္ဘောပေါ်မှာ ကိုလံဘတ် ရှိနေတုန်း၊ ပြင်သစ်စစ်သင်္ဘောတွေက သူတို့ သင်္ဘောသားတွေကို ပစ်ခတ်ခဲ့ကြပါတယ်။

ကိုလံဘတ်ဟာ ပင်လယ်ထဲခုန်ချပြီး မျောနေတဲ့လှော်တက် တစ်ချောင်းကို ဆုပ်ကိုင်ထားခဲ့ပါတယ်။ တက်ကို မြဲမြဲတွယ်ဖက်ရင်း သူဟာ ပေါ်တူဂီမြို့တော် လစ်စ်ဘွန်းအနီးက ကမ်းခြေကို ရောက်တဲ့အထိ မျောပါသွားခဲ့ပါတယ်။

ပေါ်တူဂီဟာ အာဖရိကကမ်းရိုးတန်းတစ်လျှောက် အသစ်တွေ့ရှိထားတဲ့ နယ်မြေသစ်တွေနှင့် ကုန်သွယ်ရင်း တိုးတက်ကြီးပွားခဲ့တဲ့ခုနှစ်ဟာ ၁၄၇၇ ခုနှစ် ဖြစ်ပါတယ်။

လစ်စ်ဘွန်းကို ကိုလံဘတ်ရောက်တဲ့အခါ သင်္ဘောတွေ ပြည့်ကျပ်နေအောင် ဆိုက်ကပ်ထားတဲ့ ရောမဆိပ်ကမ်းမြို့ကြီး ဖြစ်နေတာကို တွေ့လိုက်ရတဲ့အတွက် အံ့သြသွားခဲ့ရပါတယ်။




'သင်္ဘောသားတစ်ယောက်ဖြစ်လာဖို့အတွက် ဒါဟာ အကောင်းဆုံးနေရာပဲ။' လို့ သူက တွေးမိလိုက်တယ်လေ။

လစ်စ်ဘွန်းမှာ ဟိုအဝေးကြီး အတ္တလန္တိတ်ချောင်ကြိုချောင်ကြားကိုထွက်ခွာတဲ့ ကုန်သည်သင်္ဘောတွေနှင့် ဆက်မိပါတယ်။ မြောက်ဘက်ဆိုရင် ဗြိတိန်နှင့် အိုက်စ်လန်ကျွန်းအထိ၊ အနောက်ဘက်ဆို အာဇိုရီစ်၊ တောင်ဘက်ဆိုရင် ကနေရီကျွန်းများနှင့် အာဖရိက အထိပေါ့။

ပင်လယ်ပြင်ကို မထွက်တဲ့အခါမှာ ကိုလံဘတ်က လစ်စ်ဘွန်းမှာနေပြီး မြေပုံတွေ ရေးဆွဲရောင်းချကာ အသက်မွေးဝမ်းကျောင်းငွေရှာခဲ့ပါတယ်။ တစ်နေ့မှာ သူဟာ အထက်တန်းလွှာတစ်ဦးရဲ့ သမီးဖြစ်သူ 'ဒိုနာ ဖဲလီပါ' ကို တွေ့ပြီး၊ အလွန် ချစ်ခင်နှစ်သက်သွားခဲ့ပါတယ်။

မကြာခင်မှာ သူတို့ လက်ထပ်ကြပြီး၊ 'ဒိုင်ဂို' လို့ ခေါ်တဲ့ သားတစ်ယောက် ထွန်းကားခဲ့ပါတယ်။

အဲဒီတော့ ကိုလံဘတ်ဟာ အိမ်ထောင်သည်တစ်ယောက်အဖြစ် အခြေကျသွားပြီလို့ ထင်စရာ ရှိပါတယ်။ တိုင်းပြည်သစ်တွေကို ရှာဖွေတာထက်၊ သူဟာ အခြား ရေကြောင်းသွားတွေအတွက် မြေပုံတွေ ပုံဖိုးပေးတဲ့အလုပ်ကို ပိုလုပ်လာရပါတယ်။

ဒိုင်ဂိုလေး ငယ်ငယ်ရွယ်ရွယ်ရှိသေးတဲ့ အချိန်မှာပဲ ဒိုနာ ဖဲလီပါ ကွယ်လွန်ခဲ့တယ်လေ။

'အဖော်'ဆိုလို့ ကလေးငယ် တစ်ယောက်ပဲရှိတဲ့ ကိုလံဘတ်ဟာ တစ်ခါ ဂနာမငြိမ် ဖြစ်ရပြန်ပါတယ်။ အခြား မြေပုံသမားတစ်ယောက်က ရှာဖွေရေးသမားကြီး 'မာကို ပိုလို'အကြောင်း စပြောလာတဲ့အခါမှာ သူ့ရဲ့စွန့်စားလိုမှုစိတ်ဆန္ဒဟာ ပြင်းထန်လာခဲ့ပါတယ်။

"ဒီမှာ ကြည့်ပါဦး။"လို့ သူ့မိတ်ဆွေက လွန်ခဲ့တဲ့အနှစ် ၂၀၀ က မာကိုပိုလိုရေးခဲ့တဲ့ စာအုပ်ကိုပြပြီး ကိုလံဘတ်ကို ပြောလိုက်ပါတယ်။

"မာကိုပိုလိုဟာ အင်ဒီးစ်ကျွန်းတွေကို ရောက်ခဲ့တယ်။"လို့ မိတ်ဆွေက ချီးကျူးပြောကြားလိုက်ပါတယ်။

"သူဟာ တရုတ်ပြည်နှင့် ဂျပန်ပြည့်ကို တွေ့ခဲ့ပြီး မယုံကြည်နိုင်လောက်တဲ့အရာတွေကို မြင်တွေ့ခဲ့ရတယ်။"

"ဒီလောက်တောင်ပဲလား။"လို့ ကိုလံဘတ်က စိတ်လှုပ်ရှားစွာနှင့် ထောက်ပေးလိုက်ပါတယ်။

"အို-ပြောမနေနှင့်။ ရွှေစိုင်ရွှေခဲအမိုးနှင့်နန်းတော်ကြီးတွေ၊ ရှားပါးဟင်းခတ်အမွှေးအကြိုင်နှင့် ပိုးထည်ချောတွေ ပြည့်လျှံနေတဲ့ ဈေးကြီးတွေ၊ အို-စုံလို့"

"တော်တော် ကြီးကျယ်ခမ်းနားတာပဲနော်။" လို့ ကိုလံဘတ်က ပြန်ပြောပါတယ်။

"ကျုပ် အဲဒီနေရာတွေကို ကြည့်ချင်တယ်ဗျာ။"

အင်ဒီးစ်နှင့် အာရှကို ကုန်းလမ်းခရီးရှည် သွားဝံ့တဲ့သူမှန်သမျှ ပိုးလမ်းမကြီးကို တွေ့ရပါလိမ့်မယ်။ ဒါပေမယ့် စူးစမ်းရေးသမား အတော်များများဟာ အချိန်နှင့်ပတ်သက်ပြီး ပြောကြမယ်ဆိုရင် ရေကြောင်းခရီးက ပိုမြန်ကြောင်း တွေ့ရှိကြပါတယ်။ ပြီးတော့ ပေါ်တူဂီဘုရင် 'ဂျွန်' ကလည်း ရေကြောင်းသွားသူတွေကို အားပေးပါတယ်။

ဒါဇင်ပေါင်းများစွာသောလူတွေဟာ ငွေရှာဖို့နှင့် ဘုရင်ရဲ့ ချီးမြှောက်မှုကို ခံရဖို့အတွက် အင်ဒီးစ်ကျွန်းတွေကို သွားတဲ့ ရေကြောင်းလမ်းကို ရှာကြပါတယ်။ သူတို့ဟာ အရှေ့ဘက်ကိုသာ သွားဖို့ စီစဉ်ကြပါတယ်။ ကိုလံဘတ်ရဲ့အယူအဆက တစ်မူထူးခြားပြီး၊ 'ကမ္ဘာကြီးဟာ လုံးနေတယ်။' လို့ ယူဆထားပါတယ်။



'ဆန့်ကျင်ရာဘက်ကို ရွက်လွှင့်သွားရင် ပိုပြီး မမြန်နိုင်ဘူးလား။' လို့ သူက စဉ်းစားပါတယ်။ အဆုံးမရှိတဲ့မြေပုံတွေ၊ ဇယားတွေနှင့် ပထဝီဝင်စာအုပ်တွေကို လေ့လာပြီးတဲ့နောက်မှာတော့ သူဟာ အနိုင်အမာ ယုံကြည်သွားပါတော့တယ်။

"ငါဟာ အနောက်ဘက်ကို ရွက်လွှင့်သွားပြီး သူတို့အားလုံးကို အနိုင်ယူကာ အင်ဒီးစ်ကျွန်းစုကို အရောက်သွားကြမယ်။" လို့ သူက ပြောလိုက်ပါတယ်။

## အခန်း - ၂
## နန်းတော်သို့ ပန်ကြားခြင်း

သူဟာ အနောက်ဘက်ကို ရွက်လွှင့်သွားရင် အင်ဒီးစ်ကျွန်းစုကို ရက်သတ္တတစ်ပတ်၊ ဒါမှမဟုတ် တစ်ပတ်သာသာအချိန်ပဲ ကြာလိမ့်မယ်လို့ ကိုလံဘတ်က ယုံကြည်ပါတယ်။ ကိုလံဘတ် မသိတာက မြေပုံအားလုံးဟာ ကမ္ဘာကြီး တကယ်ရှိနေတာထက် အများကြီးပိုသေးနေတဲ့အချက်ပဲ ဖြစ်ပါတယ်။

ဘယ်မြေပုံကမှ ဥရောပတိုက်နှင့် အာရှတိုက်ကြားမှာ ရောမတိုက်ကြီးတစ်ခုနှင့် သမုဒ္ဒရာကျယ်ကြီး ရှိတယ်ဆိုတာကို ပြမထားပါဘူး။

အဲဒီ ခရီးစမ်းရေးခရီးအတွက် ကိုလံဘတ်ဟာ ငွေကြေးနှင့် ဘုရင်ရဲ့ထောက်ပံ့မှု လိုနေပါတယ်။ ဒါကြောင့် သူဟာ မြေပုံတွေကို ပိုက်ပြီး ပွန်ဘုရင်ကြီးထံ သွားတွေ့ပါတယ်။ သူ့အစီအစဉ်ကို ရှင်းပြပြီးတဲ့နောက် ကိုလံဘတ်က ဘုရင်ကြီးကို စိုးရိမ်တကြီးကြည့်လိုက်ပါတယ်။

“ကျွန်တော်ရဲ့ခရီးစဉ်အတွက် အရှင် အထောက်အပံ့ပေးနိုင်ပါမည်လား အရှင်။” လို့ သူက မေးလိုက်ပါတယ်။



ဘုရင်ကြီးက သူ့အကြံပေး ပုဂ္ဂိုလ်တွေကို ကြည့်လိုက်ပါတယ်။ ဒါပေမယ့် သူတို့အားလုံးက တညီတညွတ်တည်း ခေါင်းခါပြကြပါတယ်။

"သူ့ရဲ့ တွက်ချက်မှု အားလုံးဟာမှားယွင်းနေပါတယ်၊" လို့ တစ်ဦးက လျှောက်တင်လိုက်ပါတယ်။

"သူ ရူးနေလို့ ဖြစ်ပါတယ်။" လို့ နောက်တစ်ဦးက ပြောပါတယ်။

"သူဟာ လွဲမှားတဲ့လမ်းကြောင်းကသွားဖို့ စီစဉ်နေပါတယ်။" ဘုရင်ကြီးက ကိုလံဘတ်ကို ပြုံးပြလိုက်ပါတယ်။

"မရဘူး။" လို့ ပြောလိုက်ပါတယ်။

"နောက်တစ်မျိုး စီစဉ်ပါဦး။"

ကိုလံဘတ်ဟာ ပေါ်တူဂီရဲ့ အကြီးဆုံးပြိုင်ဖက်ဖြစ်တဲ့ စပိန်ကို တန်းသွားပါတယ်။ ဒိုင်ဂိုကိုလည်း သူနှင့်အတူ ခေါ်သွားပါတယ်။ သူ့သားကို ကျောင်းတော်တစ်ခုမှာ ဘုန်းတော်ကြီးတွေနှင့်ထားခဲ့ပြီး၊ နန်းတော်ကို အရင်စလိုသွားကာ ဘုရင်ကြီး ဖာဒီနန်နှင့် မိဖုရား အစ္စဘယ်လာတို့ကို တွေ့ခွင့်တောင်းပါတယ်။

"အင်ဒီးစ်ကျွန်းစုကိုသွားဖို့ အနောက်ရေကြောင်းခရီးအတွက် အထောက်အပံ့ပေးနိုင်မှာလား အရှင်။" လို့ သူက မေးလိုက်ပါတယ်။

ပထမတော့ သူတို့ကလည်း ငြင်းဆန်ကြပါတယ်။

ဒါပေမယ့် ကိုလံဘတ်က အကြိမ်ကြိမ် ဆက်ပြီးတောင်းခံပါတယ်။ မိဖုရားကြီး အစ္စဘယ်လာက သူ့ရဲ့စိတ်ပိုင်းဖြတ်ချက်အပေါ် အလွန်အထင်ကြီး လေးစားသွားတယ်လေ။

"ဒါဟာ ပေါ်တူဂီတို့ထက် တို့ အရင်ရောက်နိုင်မယ့် အခွင့်အရေးပဲ။" လို့ သူမက အကြံပေးပုဂ္ဂိုလ်တွေကို ထောက်ပြလိုက်ပါတယ်။ နောက်ထပ် ဆက်ဆွေးနွေးပြောဆိုပြီးကြတဲ့အခါ နောက်ဆုံး သူတို့ သဘောတူညီလိုက်ကြပြီး၊ ကိုလံဘတ်ကို ထောက်ပံ့ဖို့ သဘောတူလိုက်ကာ သူ့ကို မာလိန်မှူးချုပ် ခန့်အပ်လိုက်ပါတယ်။

ဝမ်းသာအားရဖြစ်ပြီး သူဟာ ချက်ချင်းပဲ အားကြိုးမာန်တက် လုပ်ကိုင်ဆောင်ရွက်ပါတော့တယ်။ သူ့ရဲ့ ရေကြောင်းခရီးအတွက် သင်္ဘောငယ် ၃ စင်းကို စပိန်ဆိပ်ကမ်း ပါးလော့စ်မြို့မှာ ပြင်ဆင်ပါတယ်။

ပထမသင်္ဘောဖြစ်တဲ့ ဆန်တာမာရီယာဟာ ၃ စင်းထဲမှာ အကြီးဆုံးနှင့် အနှေးဆုံးသင်္ဘော ဖြစ်ပါတယ်။ နီနာလို့ ခေါ်တဲ့ ဒုတိယသင်္ဘောက ငယ်ပြီး မြန်ပါတယ်။ တတိယသင်္ဘောက ပင်တာ ဖြစ်ပါတယ်။



ကိုလံဘတ်ဟာ ဂုဏ်ယူဝင့်ကြွားစွာနှင့် ဆိပ်ကမ်းမှာ ကြော်ငြာစာ ကပ်လိုက်တယ်လေ။ ဒါပေမယ့် မသွားဖူးသေးတဲ့ရေကြောင်းခရီးကို လူစိမ်းတစ်ဦးသွားရမှာဖြစ်တဲ့အတွက် သင်္ဘောသားစုဆောင်းရှာဖွေရေးဟာ မလွယ်ကူလှပါဘူး။

သင်္ဘောသားတစ်အုပ်ဟာ ကြော်ငြာစာကို ဖတ်ဖို့ စုဝေးရောက်ရှိကြပါတယ်။ ဒါပေမယ့် တစ်ယောက်မှ လက်မှတ် မထိုးကြပါဘူး။ အများအပြားဟာ "အတ္တလန္တိတ်"ကို ကြောက်လန့်ကြပါတယ်။ ဒီသမုဒ္ဒရာဟာ ဘယ်လောက် ဝေးလံကျယ်ပြန့်တယ် ဆိုတာကို သူတို့စဉ်းစားလို့ မရကြပါဘူး။

"ဒါဟာ မရဏခရီးစဉ်ပဲ။"လို့ တစ်ယောက်က ရေရွတ်ပါတယ်။ ကျန်လူတွေကလည်း သဘောတူခေါင်းညိတ်ကြပါတယ်။

"ကမ္ဘာကြီးဟာ ပြားနေတယ်လို့ ငါ ကြားဖူးထားတယ်။" လို့ ဒုတိယသင်္ဘောသားက ပြောပါတယ်။

"ဘယ်မှာအဆုံးသတ်မယ် ဆိုတာကိုလည်း ဘယ်သူ ပြောနိုင်မှာလဲ။ အဝေးကြီးရောက်အောင် ဖြတ်သန်းရွက်လွှင့်မယ်ဆိုရင် ကမ္ဘာ့အစွန်း ရောက်တဲ့အခါ လိမ့်ကျသွားမှာပေါ့။"

ကိုလံဘတ်ရဲ့ ခရီးစဉ်ဟာ သေကိန်းနှင့်ကြုံရမလို ဖြစ်နေပါတယ်။ သူ့အခက်အခဲတွေကို တွေ့ရတဲ့အခါမှာ စပိန်နန်းတော်က သင်္ဘောသားအားလုံးကို မြင့်မားတဲ့လုပ်ခတွေ ကမ်းလှမ်းပေးပါတယ်။ သင်္ဘောသားအရေအတွက်ပြည့်အောင် အကျဉ်းသားတွေကိုတောင် လွှတ်ပေးမယ်လို့ ကမ်းလှမ်းပါတယ်။ ဒါပေမယ့် တစ်ယောက်မှ ပေါ်ထွက်မလာသေးပါဘူး။

ကိုလံဘတ်ဟာ စိတ်ပျက်စ ပြုချင်နေပါပြီ။ ပါးလော့စ်မှာ လေးစားစရာအကောင်းဆုံးသင်္ဘောသားတွေထဲက တစ်ယောက်ဖြစ်တဲ့



မာတင်ပင်ဇုန်က သူနှင့်လိုက်ဖို့ ဆုံးဖြတ်လိုက်ပါတယ်။ ပင်ဇုန်ဟာ ကိုလံဘတ်ရဲ့အစီအစဉ်ကို သူများတွေလိုပဲ သံသယ ရှိပါတယ်။ ဒါပေမယ့် သူဟာ ဘုရင်ကြီးနှင့် မိဖုရားတို့ရဲ့ 'ရွှေပေးမယ့်ခရီးစဉ် အောင်မြင်ခဲ့ရင် အကျိုးအမြတ်ထဲကလည်း ရှယ်ယာခွဲပေးမယ်။' ဆိုတဲ့ ကတိကို တင်းမခံနိုင်ပါဘူး။

ကိုလံဘတ်က ပင်ဇုန်ကို ပင်တာသင်္ဘောရဲ့ မာလိန်မှူး ခန့်လိုက်ပြီး၊ ပင်ဇုန်ရဲ့ညီ ဗင်ဆန်တီကိုလည်း 'နီနာသင်္ဘောမှာ မာလိန်မှူး ခန့်မယ်။' လို့ စည်းရုံးပြောကြားလိုက်ပါတယ်။

ကိုလံဘတ်က အလံတင်သင်္ဘော ဆန်တာမာရီယာကို သူကိုယ်တိုင်ဦးစီးဖို့ ဆုံးဖြတ်လိုက်ပါပြီ။

## အခန်း - ၃
## အဦးဆုံးခရီး

ကိုလံဘတ်ဟာ 'ခရီးတို ဖြစ်မယ်။'လို့ ယုံကြည်ထားသော်လည်း သူဟာ ဘာအခွင့်အရေးကိုမှ မယူလိုခဲ့ပါဘူး။ သင်္ဘောတွေမှာ နောက်ဆုံး ၁ နှစ်စာရိက္ခာတွေ အပြည့်တင်ထားပါတယ်။ သင်္ဘောသားတွေဟာ ရေစည်နှင့် ဝိုင်အရက်စည်ကြီးတွေ၊ ဘီစကွတ်နှင့် အမဲခြောက်, ငါးခြောက် သေတ္တာကြီးတွေ၊ ဖောင်းနေအောင်ထည့်ထားတဲ့ ဂျုံ,ဆန်,ပဲနီလေး,သံလွင်ဆီ,ပဲတောင့်အိတ်ကြီးတွေကို သင်္ဘောတွေပေါ် တင်ဆောင်ကြပါတယ်။

၁၄၉၂ ခုနှစ် ဩဂုတ်လ ၃ ရက်နေ့ အရုဏ်မတက်ခင်မှာ သင်္ဘော ၃ စီး ထွက်ခွာခဲ့ကြပါတယ်။ ပင်လယ်ပြင်မှာ ၂ ရက်သာ ကြာပြီးတဲ့နောက် ဆန်တာမာရီယာဟာ သူ့ထက်ပိုမြန်တဲ့သင်္ဘော ၂ စီးရဲ့နောက်မှာ ကျန်ခဲ့ပါပြီ။

"ပင်ဇုန်ညီနောင်ကတော့ အရင် ရောက်သွားကြတော့မှာပဲ။" လို့ ကိုလံဘတ်က ညည်းတွားလိုက်ပါတယ်။

တတိယမြောက်နေ့မှာတော့ ပင်တာသင်္ဘောဟာ တက်မ ကျိုးသွားခဲ့ပါတယ်။ ဒါပေမယ့် ကိုလံဘတ် မပျော်နိုင်သေးပါဘူး။

"တို့ကို တမင်သက်သက် အချိန်ကြာအောင် လုပ်လိုက်တာပဲ။"လို့ သူက ပြောလိုက်ပါတယ်။

သင်္ဘောတွေဟာ ပြင်ဖို့အတွက် ကနေရီကျွန်းစုမှာ ရပ်ရပါတော့မယ်။ ဒါပေမယ့် အဲသလို ဆိုက်ကပ်ရပ်နားလိုက်ရလို့ သင်္ဘောသားတွေဟာ ရေ၊ ထင်းနှင့် ဒေသထွက်ဒိန်ခဲတွေ ဖြည့်တင်းနိုင်မှာလည်း ဖြစ်ပါတယ်။

စက်တင်ဘာလ ၆ ရပ်နေ့မှာ သူတို့ ဆက်လက်ထွက်ခွာဖို့ အဆင်သင့် ဖြစ်ကြပါပြီ။

"ကုန်း မြေ ကို ပထမဆုံး မြင်တွေ့တဲ့ သူဟာ မိဖုရားကြီး အစ္စ ဘ ယ် လာ ဆီ က ၁ နှစ်စာလစာနှင့် ပိုးထည် အပေါ်ဝတ်ရုံကို ရရှိမှာ ဖြစ်ပါတယ်။"



လို့ ကိုလံဘတ်က သူ့လူတွေကို အော်ပြောလိုက်ပါတယ်။

အားကောင်းတဲ့လေက သင်္ဘောတွေကို အနောက်ဘက်သို့ အရှိန်ပြည့် သယ်ဆောင်သွားပါတယ်။ သင်္ဘောကိုယ်ထည်တွေပေါ်မှာ ဝန်စည်တွေ နင့်နေအောင် တင်ထားတဲ့အတွက် သင်္ဘောသားတွေမှာ ညအခါ အိပ်စရာနေရာ မရှိ ဖြစ်နေပါတယ်။ ဒါပေမယ့် ကုန်းပတ်တွေပေါ်မှာ ညီတူမျှတူ အိပ်စက်ကြရပါတယ်။ ပြီးတော့ ရာသီဥတုက မုန်တိုင်းထန်တဲ့အခါမှာလည်း ပင်လယ်လှိုင်းတွေဟာ သင်္ဘောဘေးဘက်တွေကို ရိုက်ခတ်ကြပါတယ်။

သူတို့ စပိန်နှင့် ဝေးသည်ထက်ဝေးရာကို ရောက်လေလေ၊ သင်္ဘောသားတိုင်းဟာ 'သူတို့ဌာနေကို ပြန်မှ မြင်ရပါဦးမလား' လို့

စိုးရိမ်လာလေလေ ဖြစ်ပါတယ်။ သင်္ဘောသား တော်တော်များများ ကတော့ စိတ်ခတ်တက်ကြွစေဖို့ သီချင်းတွေ အော်ဆိုကြပါတယ်။

ရက်သတ္တပတ် ကုန်ဆုံးသွားပါပြီ။ နောက် တစ်ခုသောနံနက် ခင်းမှာ ပင်ဇွန်က သူဟာ ကုန်းမြေကို ရိပ်ခနဲမြင်လိုက်တယ်လို့ ထင်ပါတယ်။ ငြီးငွေ့ပင်ပန်းနေကြတဲ့ သူ့ရဲ့သင်္ဘောသားတွေကတော့ စိတ်လှုပ်ရှားမှုတွေ ရင်နှင့်မဆံ့အောင် ခံစားခဲ့ရပါတယ်။

"နောက်ဆုံးမှာတော့ တို့ လုပ်ခဲ့မိကြပြီ။"လို့ သူတို့က ကြွေကွဲစွာ အော်ကြပါတယ်။

ကုန်းမြေဆိုတာ ဘာနှင့်တူပါလိမ့်။ လက်စသတ်တော့ မိုးကုတ် စက်ဝိုင်းအောက်က တိမ်နိမ့်နိမ့်လေးတွေထက် ဘာမျှမပိုပါဘူး။

သူ ဆက်လက်ပြီးသွားကြတဲ့အခါ သင်္ဘောသားတွေဟာ ကုန်းမြေကိုမြင်ရဖို့ အရူးအမူးဖြစ်နေကြပါတော့တယ်။ ကိုလံဘတ် ဟာ သူတို့ အရူးအမူးဖြစ်နေတာကို အပြစ်မတင်ပါဘူး။ ဘီစကွတ် မုန့်တွေဟာလည်း ပိုးထိုးနေပြီး၊ အသားတွေကိုလည်း လောက်တက် နေပါပြီ။

သူတို့ စတင်ထွက်ခဲ့ကြတဲ့ နေ့ကစပြီး သူဟာ သင်္ဘောခရီးစဉ် မှတ်တမ်းကို ဂရုတစိုက်ရေးခဲ့ပါတယ်။ အဲဒါကို သူက ၂ မျိုး ရေးပါတယ်။ တစ်မျိုးကို ပေါ်တူဂီဘာသာနှင့် သူ့လူတွေကို ပြပါ တယ်။ ကျန်တစ်မျိုးကိုတော့ သူ့ရဲ့မိခင်ဘာသာ အီတာလျံလို ရေးပြီး လျှို့ဝှက်သိမ်းဆည်းထားခဲ့ပါတယ်။ ပေါ်တူဂီမှတ်တမ်းရဲ့ ခရီး အကွာအဝေးက ပိုပြီး တိုပါတယ်။

အဲဒီခေတ်က ပေါ်တူဂီခရီးအရှည်နှင့် အီတာလျံခရီးအရှည် ဟာ သူတို့ရောက်နေတဲ့နေရာနှင့် တူမှ မတူဘဲကိုး။



နောင်အခါ သမိုင်းသုတေသီတွေက အဲဒီမှတ်တမ်း ၂ ခုကို နှိုင်းယှဉ်ကြည့်ကြပြီး၊ ကိုလံဘတ်ဟာ သူ့သင်္ဘောသားတွေကို 'ခရီးစဉ် သိပ်မဝေးသေးဘူး။' လို့ထင်ရအောင် လှည့်စားဖို့ ကြိုးစားတာလား။' ဆိုပြီး သံသယ ရှိကြပါတယ်။ ဘယ်သူမှတော့ သေသေချာချာ မသိပါဘူး။

လိမ္မာပါးနပ်တဲ့ မာလိန်မှူးတစ်ယောက်ဟာ ဒီလောက်ဝေးတဲ့ ရေကြောင်းခရီးကြီးမှာ သူ့သင်္ဘောသားတွေကို ငြိမ်သက်အောင် ထိန်းနိုင်မည့်နည်းလမ်းကို စဉ်းစားရမယ် မဟုတ်ပါလား။

သေချာသွားတာက ဒီလိုပါ။ ပင်လယ်ပြင်မှာ တစ်လကျော် ကြာပြီးတဲ့နောက် သင်္ဘောသားတွေရဲ့ ဂနာမငြိမ်မှုဟာ ကြီးထွားလာခဲ့ပါတယ်။ တချို့က ပုန်ကန်ဖို့တောင် ပြောကုန်ကြပါပြီ။

"မာလိန်မှူးရဲ့ အမှားပဲ။" လို့ တစ်ယောက်က ပြောပါတယ်။

"တို့ သူ့ကို သင်္ဘောပေါ်က ပစ်ချကြရအောင်။" လို့ အခြား တစ်ယောက်က အကြံပြုပါတယ်။

ဒါပေမယ့် သူတို့ရဲ့ခြိမ်းခြောက်မှုကို အကောင်အထည်မဖော် နိုင်ခင်မှာ အံ့သြစရာအခြေအနေတစ်ရပ် ဖန်တီးလာခဲ့ပါတယ်။

## အခန်း - ၄
## ဟေး ကုန်းမြေ

ကိုလံဘတ်ဟာ သူ့စိတ်ကူးတစ်ခုလုံးကို စွန့်လွှတ်ပြီး ပြန်လှည့်တော့မယ့်ဆဲဆဲမှာ ပင်တာသင်္ဘောပေါ်က သင်္ဘောသားတစ်ယောက်က ကုန်းမြေကို လှမ်းမြင်လိုက်ပါတယ်။ မာတင်ပင်ဇုန်က ချက်ချင်းပဲ အမြောက်တစ်ချက်ဖောက်ပြီး ကျန်သင်္ဘောတွေကို သတိပေးနှိုးဆော်အမိန့်ပေးလိုက်ပါတယ်။

သေချာလောက်တဲ့အကွာအဝေးမှာ ရွှေရောင်သဲပြင်ကြီးကို တွေ့နေရပါပြီ။ သူ့ရဲ့မှတ်တမ်းကို ထုတ်ယူပြီး ကိုလံဘတ်ဟာ တုန်နေတဲ့လက်နှင့် နေ့စွဲကို မှတ်တမ်းတင်လိုက်ပါတယ်။

၁၄၉၂ ခုနှစ် အောက်တိုဘာ ၁၂ ရက်။

သူတို့ဟာ 'ဘဟားမားကျွန်းစု' လို့ မထင်ပေါ်သေးတဲ့နေရာကို ရောက်ရှိခဲ့ပါတယ်။ အမေရိကတိုက်ရဲ့ တစ်စိတ်တစ်ဒေသပေါ့။ ဒါပေမယ့် သူတို့ဟာ ဂျပန်ပြည်အနီးက အင်ဒီးစ်ကျွန်းစုကို ရောက်တာလို့ ယုံကြည်ထားပါတယ်။

ပင်တာသင်္ဘောက သင်္ဘောသားဟာ မိဖုရားကြီး အစ္စဘယ်လာရဲ့ ဆုကို တောင်းဆိုဖို့ စိတ်သန်နေပါတယ်။

"ဝမ်းနည်းပါတယ်ကွာ။" လို့ ကိုလံဘတ်က ပြောလိုက်ပါတယ်။

"ငါ မနေ့ညကတည်းက ကုန်းမြေကို လှမ်းမြင်နေတာပါ။ ဒါက ငါ့ဆုပါ။"

ဒီလို ကြားရတော့ 'မာတင်ပင်ဇုန်' ဟာ ဘာမျှမပြောပေမယ့် ဒေါသ ထွက်သွားပါတယ်။

သူ့ရောင်းရင်းမာလိန်မှူးတွေနှင့်အတူ ကိုလံဘတ်ဟာ ကမ်းခြေကို လှေလှော် သွားခဲ့ပါတယ်။

သဲပြင်ပေါ်ကို ခြေလှမ်းကျဲကျဲနှင့်လျှောက်သွားကြပြီး၊ သစ်သား ကြက်ခြေခတ်တစ်ခုကို သဲပြင်ပေါ်မှာ စိုက်လိုက်ကာ သင်္ဘော ၃ စင်းရဲ့ အလံတွေကို လွှင့်ထူလိုက်ကြပါတယ်။

"ဒီကျွန်းအသစ်ကို 'ဆန်ဆာဗေးဒိုး' လို့ ငါ နာမည်ပေးမယ်။" လို့ ကိုလံဘတ်က ပြောလိုက်ပါတယ်။



''ဒီကျွန်းဟာ စပိန်နိုင်ငံနှင့် မိဖုရားကြီး အစ္စဘယ်လာတို့ ရသင့် ရထိုက်တယ်။ ပြီးတော့ မင်းတို့ ခုချိန်ကစပြီး ငါ့ကို 'ရေကြောင်း ဗိုလ်ချုပ်ကြီး' လို့ ခေါ်နိုင်ပြီ။'' လို့ သူက ဆက်ပြောပါတယ်။

အဲဒီကျွန်းမှာနေကြတဲ့ တိုင်းနိုင်လူမျိုးတွေဟာ ရုတ်ရုတ်သဲသဲ သံတွေကြားရတော့ 'ဘာများ ဖြစ်နေသလဲ။' ဆိုတာ သိရအောင် သူတို့ရဲ့တဲတွေထဲက ထွက်လာကြပါတယ်။

သူတို့ဟာ အဝတ် ဝတ်တယ်ဆိုရုံလေးသာ ဝတ်ထားတာကို မြင်လိုက်ရတဲ့အတွက် ကိုလံဘတ်က အံ့သြသွားခဲ့ရပါတယ်။ တိုင်းနိုင် တွေကလည်း စပိန်သင်္ဘောတွေကို မြင်လိုက်ရလို့ သူ့လိုပဲ အံ့သြ သွားကြပါတယ်။ သူတို့က 'ကိုလံဘတ်ဟာ မိုးပေါ်ကကျလာတာ။' လို့ အခိုင်အမာယုံကြည်ကြပါတယ်။

ကျွန်းသားအချို့က ကနူးလှေတွေကို ဆွဲထုတ်လာပြီး စပိန် သင်္ဘောတွေဆီ လှော်ခတ်သွားကြပါတယ်။ သူတို့နှင့်အတူ လှံတွေ၊ ကြက်တူရွေးတွေ၊ ငှက်မွေးတောင်တွေ၊ ချည်ထည်တွေနှင့် သစ်ရွက် ခြောက်တွေကိုလည်း လက်ဆောင်ပေးဖို့ ယူသွားကြပါတယ်။ အပြန် အလှန်အနေဖြင့် စပိန်သင်္ဘောသားတွေကလည်း သူတို့ကို အပြာရောင် ဖန်လုံးပုတီးစေ့တွေ၊ ခေါင်းလောင်းတွေနှင့် ဦးထုပ်နီတွေကို ပြန်ပေး ပါတယ်။ အဲဒါတွေကို တိုင်းနိုင်တွေက အကြီးအကျယ် တန်ဖိုးထားကြ ပါတယ်။

သူ့ရဲ့အောင်မြင်မှုကြောင့် စိတ်လှုပ်ရှားပြီး၊ ကိုလံဘတ်ဟာ ဂျပန်ပြည်နှင့် တရုတ်ပြည်ကို ရှာဖွေရန် ဆက်ပြီး ရွက်လွှင့်ထွက်ခွာဖို့ စိတ်ပိုင်းဖြတ်လိုက်ပါတယ်။

မကြာခင်မှာ သူဟာ အခြားကျွန်းကြီးတစ်ကျွန်းကို ရောက် ခဲ့ပါတယ်။


The route of the first voyage: 1492-1493
Portu
Lisbon
Palos
Azores
Canary Islands
Bahamas
San Salvador
Atlantic Ocean
La Navidad
Santo Domingo
Jamaica
Hispaniola
Caribbean Sea

"ဒါဟာ ဂျပန်ပိုင် ဖြစ်နိုင်တယ်။"လို့ သူက သူ့လူတွေကို ပြောလိုက်ပါတယ်။ အမှန်တော့ သူတို့ဟာ ကျူးဘားကျွန်းပေါ်မှာ ခြေချမိနေသော်လည်း မသိခဲ့ကြပါဘူး။

ကိုလံဘတ်ဟာ သူမြင်သမျှအရာတွေကို အံ့သြခဲ့ရပါတယ်။ ဒါပေမယ့် ရွှေတွေ၊ စည်းစိမ်တွေနှင့် နှိုင်းယှဉ်လို့မရတဲ့ သူ့ရဲ့မျှော်လင့်ချက်ကတော့ 'အရှေ့ကမ္ဘာကို တွေ့ဖို့ပဲ။'ဖြစ်ပါတော့တယ်။

အဲဒီအချိန်မှာတော့ သင်္ဘောသားတွေဟာ စူးစမ်းရှာဖွေရတာကို ပျော်နေကြပါပြီ။ သူတို့ဟာ ကျွန်းသားတွေက 'ဟမ်းမော့'လို့ ခေါ်တဲ့ ကြိုးပုခက်တွေနှင့် အိပ်ကြတာကို တွေ့ရပြီး၊ နာနတ်သီးနှင့် ငရုတ်ကောင်းတို့ကို ပထမဆုံးအကြိမ်အနေဖြင့် မြည်းစမ်းခဲ့ကြပါတယ်။

သူတို့ဟာ ဖွတ်နွယ်ဝင် အကောင်ကြီးတစ်မျိုးကို တိုင်းရင်းသားတွေက သူတို့အခေါ် 'ဘာဘီကျူး'ခေါ်တဲ့အကင်ဖိုပေါ်မှာ တင်ပြီး ကင်နေကြတာကို တအံ့တသြ ကြည့်နေကြပါတယ်။ ပြီးတော့ မီးခိုးထွက်နေတဲ့ သစ်ရွက်တွေကို ကျွန်းသားတွေက နှုတ်ခမ်းပေါ် တင်ပြတဲ့အခါ သူတို့က လက်ခုပ်တီးကြပါတယ်။ စပိန်လူမျိုးတွေဟာ ဆေးရွက်ကြီးကို အရင်က မမြင်ဖူးခဲ့ကြဘူးလေ။

ဒါပေမယ့် မာတင်ပင်ဇုန်က စိတ်မရှည်နိုင်တော့ပါဘူး။

"ခင်ဗျားပြောတော့ ကျုပ်တို့ ရွှေ တွေ့ရမယ်ဆိုတာ ခု ဘယ်မှာလဲ။"လို့ သူက မေးလိုက်ပါတယ်။

"လူတိုင်း ကျုပ်နောက်ကို လိုက်ခဲ့ကြတာ ရွှေ တွေ့ဖို့ဖြစ်တယ်။"

"မဟုတ်ဘူး။"လို့ ကိုလံဘတ်က ဒေါသတကြီး ပြောလိုက်ပါတယ်။



"တို့ဟာ အတူပူးပေါင်းနေရမယ်။"

ပင်ဇုန်အဖို့ လုံလောက်သွားပါပြီ။ ကိုလံဘတ်ကို ဂရုမစိုက်တော့ဘဲ သူ့သင်္ဘောသားတွေကို သင်္ဘောပေါ်တက်ခိုင်းပြီး ပင်တာကို ရွက်လွှင့်ထွက်ခွာသွားပါတော့တယ်။

"သစ္စာဖောက်"

ကိုလံဘတ်က ဒေါသနှင့် အော်လိုက်ပါတယ်။ ဒါကလွဲလို့ သူ ဘာမျှမတတ်နိုင်တော့ပါဘူး။ ဒါကြောင့် ခုဆို သင်္ဘော ၂ စင်းသာ ကျန်ပါတော့တယ်။

ဒီဇင်ဘာလမှာ ဌာနေသားတွေက 'ဟေတီ' လို့ခေါ်တဲ့ ကျွန်းအသစ်တစ်ခုကို ကိုလံဘတ် တွေ့ရှိခဲ့တယ်။ အဲဒီကျွန်းက သူ့အား စပိန်ကို ပြန်ပြီးသတိရစေပါတယ်။ ဒါကြောင့် သူက အဲဒီကျွန်းကို စပိန်ဘာသာနှင့် 'စပိန်ကျွန်း' လို့ အဓိပ္ပာယ်ရတဲ့ 'ဟစ်စပါနီယိုလာ' လို့ ခေါ်ခဲ့ပါတယ်။

ခရစ္စမတ်အကြိုနေ့မှာ ဆန်တာမာရီယာ သင်္ဘောသားတွေဟာ ဟစ်စပါနီယိုလာကျွန်းနား ကပ်ပြီး အနားယူနေကြပါတယ်။ ပင်လယ်ပြင်ဟာ လုံးဝကို ငြိမ်သက်နေပါတယ်။ သင်္ဘောအခန်းစောင့်ကို ပဲ့ထိန်းအဖြစ် ထားခဲ့တယ်လေ။ သန်းခေါင်ယံသာသာလေး အချိန်မှာ သင်္ဘောဟာ သန္တာကျောက်တန်းနှင့် တိုက်မိသွားပါတယ်။

"လုပ်ကြပါဦး။ ကျောက်ဆောင်နှင့် တိုက်မိသွားပြီ။"

ကောင်လေးက ကြောက်ကြောက်လန့်လန့်နှင့်လျှောက်ပြေးရင်း အော်လိုက်ပါတယ်။

ခရစ္စမတ်နေ့ နံနက်ကျတော့ သင်္ဘောသားတွေဟာ သင်္ဘောပျက် ဆန်တာမာရီယာပေါ်ကကျသွားတဲ့ ကုန်ပစ္စည်းတွေကို စိတ်ပျက်ဖွယ် တွေ့ကြရပါတယ်။ ဒေသခံရွာသားတွေက ကနူးလှေတွေကိုလှော်ပြီး ကူညီဖို့ ထွက်လာကြပါတယ်။

ပစ္စည်းအားလုံး ကုန်းပေါ် တင်ပြီးတဲ့အခါ ရွာသားတွေက ကျွေးမွေးဖို့ ဖိတ်ခေါ်ပါတယ်။ ပန်းကန်ပြားပေါ်မှာ ငါးကင်နှင့် ယတ်ကာရွက်ပြုတ်တွေ ပုံထားတာတွေနှင့် ဧည့်ခံပြီးတဲ့နောက်မှာ သူတို့က ရွှေနှင့်လုပ်ထားတဲ့ လည်ဆွဲနှင့် မျက်နှာဖုံးတွေကို လက်ဆောင်ပေးကြပါတယ်။

ကိုလံဘတ်ဟာ သူတို့ရဲ့ကြင်နာမှုတွေနှင့် လွှမ်းသွားခဲ့ပါတယ်။

"တို့ ဒီမှာ ခံတပ်တစ်ခု ဆောက်ရမယ်။" လို့ သူ ဆုံးဖြတ်လိုက်ပါတယ်။ သင်္ဘောပျက် ဆန်တာမာရီယာကသစ်တွေကို သုံးပြီး ဆောက်ဖို့ သူ့လူတွေကို အမိန့်ပေးလိုက်တယ်လေ။ ပြီးတော့ အဲဒါကို သူက စပိန်ဘာသာနှင့် 'ခရစ္စမတ်' လို့ အဓိပ္ပာယ်ရတဲ့ 'လားနာဗီဒက်' လို့ အမည်ပေးလိုက်ပါတယ်။

ဒါပေမယ့် ကုန်းပေါ်မှာနေဖို့က အလွန် အန္တရာယ်များပြီး၊ နောက်ထပ် စူးစမ်းသွားလာဖို့ကလည်း သင်္ဘောတစ်စင်းသာ ရှိပါတော့တယ်။ ဌာနေပြန်ဖို့ အချိန်ရောက်ပါပြီ။ သင်္ဘောသားတချို့က ခံတပ်အသစ်ကို ကာကွယ်စောင့်ရှောက်ဖို့ 'နာဗီဒတ်မှာ နေခဲ့မယ်။' လို့ ပြောပါတယ်။

"ငါ သင်္ဘောများများနှင့် ရိက္ခာများများယူပြီး ပြန်လာခဲ့မယ်။"လို့ ကိုလံဘတ်က ကတိပြုလိုက်ပါတယ်။

## အခန်း - ၅
## အောင်မြင်တဲ့ အပြန်ခရီး

စပိန်က ထွက်ခွာသွားတာ ၄ လ ကြာပြီးတဲ့နောက်၊ ကိုလံဘတ်ဟာ ဌာနေကို ရွက်လွှင့်ခဲ့ပါတယ်။

အဲဒီနေ့နံနက်နောက်ပိုင်းအချိန်မှာ ရွက်တိုင်ထိပ်မှာရှိတဲ့ သင်္ဘောသားက ခပ်လှမ်းလှမ်းမှာ အခြားသင်္ဘော တစ်စင်းကို လှမ်းမြင်လိုက်ရတယ်။

"သင်္ဘောဟေ့။ အလူဟ္ဘိုင်း" လို့ သူက အော်လိုက်ပါတယ်။ အဲဒါ ပင်တာသင်္ဘော ဖြစ်ပါတယ်။

သိပ်မကြာခင်မှာ သင်္ဘော ၂ စင်းကို ဘေးချင်းယှဉ်ပြီး ကျောက်ဆူးချထားလိုက်ပါတယ်။

ကိုလံဘတ် စောင့်ဆိုင်းနေချိန်မှာ မာတင်ပင်ဇန်ဟာ နီနာသင်္ဘောပေါ်တက်လာပြီး၊ 'သူ သင်္ဘောနှင့် ထွက်သွားခဲ့တဲ့အတွက် ခွင့်လွှတ်ဖို့' တောင်းပန်ပါတယ်။

သူတို့ ၂ ဦးမှာ သဘောကွဲလွဲချက်တွေ ရှိသော်လည်း အဖော်ရတဲ့အတွက် ကိုလံဘတ်က ကျေနပ်လိုက်ပါတယ်။ ပြီးတော့ သင်္ဘော ၂ စင်းနှင့် စပိန်ကို အတူတူပြန်ခဲ့ကြပါတယ်။ ဒါပေမယ့် ရက်နည်းနည်းလေးသာ ကြာသေးတဲ့အချိန်မှာ ကြောက်မက်ဖွယ်မုန်တိုင်းတစ်ခု

တိုက်ခတ်လာခဲ့ပါတယ်။ မိုးက တစ်အား ရွာချလိုက်ပြီး တဗွီးဗွီး မြည်တဲ့လေက ပင်တာကို ဝေးရာသို့ သယ်ပို့ပေးလိုက်ပါတော့တယ်။

ကိုလံဘတ်ကတော့ သိပ်အမှုမထားပါဘူး။ သူ စိုးရိမ်တာ တစ်ခုက စပိန်ကို ပင်ဇွန်ရဲ့ရှေ့က စောရောက်ဖို့ပဲ ဖြစ်ပါတယ်။ ဒါပေမယ့် နီနာဟာ မုန်တိုင်းကြောင့် ဆိုးဆိုးဝါးဝါးပျက်စီးခဲ့ပါတယ်။ သင်္ဘောဟာ ဌာနေမရောက်ခင် မြုပ်သွားမှာကို သူ ကြောက်ပါတယ်။ ဒါကြောင့် သူက သူတို့တွေ့ရှိခဲ့တဲ့အရာအားလုံးကိုဖော်ပြပြီး စပိန် နန်းတော်ကို စာရေးခဲ့ပါတယ်။ အဲဒီစာကို စည်လွတ်တစ်ခုထဲ ထည့်၊ အလုံပိတ်ပြီး သင်္ဘောပေါ်က ပစ်ချခဲ့ပါတယ်။

မုန်တိုင်းက ဆက်ပြီးထန်နေကာ လေက သင်္ဘောကို လမ်းကြောင်းလွဲသွားအောင် တိုက်ပစ်လိုက်ပါတယ်။

နောက်ဆုံး ကိုလံဘတ် ပါလော့စ်ဆိပ်ကမ်းဆီ ဝင်သွားတဲ့အခါ သူ့ရဲ့ကောင်းတစ်ဦးလို ကြိုဆိုမှု ခံရတာပါပဲ။ ဩဘာပေးတဲ့ လူအုပ်



ကြီးတွေဟာ ဒရမ်တွေတီး, ခရာတွေမှုတ်ပြီး ဆိပ်ခံတံတားဆီ ပြေးလာကြပါတယ်။

ပင်ဇနီက ပါးလှော့စ်ကို နာရီနည်းနည်းလေး နောက်ကျပြီးမှ ရောက်လာခဲ့ပါတယ်။ တကယ်က သူ့သင်္ဘောဟာ စပိန်ကို အရင်ရောက်တာပါ။ ဒါပေမယ့် ဘုရင်နှင့် မိဖုရားတို့က ကိုလံဘတ်မပါဘဲ သူ့ကိုတွေ့ဆုံဖို့ ငြင်းဆန်ထားလို့ ကမ်းရိုးတန်းရဲ့အထက်နားမှာ ဆိုက်ကပ်ထားရပါတယ်။

ပိုဆိုးတာက ပင်ဇနီဟာ အပြန်ခရီးမှာ ဆိုးဆိုးဝါးဝါး မကျန်းမမာဖြစ်လာခဲ့ပါတယ်။ သူဟာ ကိုလံဘတ် အောင်ပွဲခံပြီးတဲ့အထိသာ အသက်ရှင်နေပြီးတဲ့နောက် သေဆုံးသွားခဲ့ပါတယ်။

ကိုလံဘတ်ဟာ ဖာဒီနန်နှင့် အစ္စဘယ်လာတို့ကို တွေ့ဆုံဖို့ ဘာစီလိုနာနန်းတော်ကို သွားခဲ့ပါတယ်။ သူ့ရဲ့ဆိုက်ရောက်လာမှုဟာ အုတ်အော်သောင်းတင်းပါပဲ။ ဘုရင်နှင့် မိဖုရားဟာ သူပြောပြတဲ့ ဇာတ်လမ်းတွေကို နားထောင်ပြီး တအံ့တသြဖြစ်ကြရပါတယ်။ မယုံနိုင်လောက်တဲ့ပစ္စည်းတွေ သူယူလာတာကိုလည်း တအံ့တသြ ငေးကြည့်ကြပါတယ်။ အရောင်စိမ်းစိုနေတဲ့ကြက်တူရွေးတွေ, ထူးဆန်းတဲ့ အသီးအရွက်တွေ, ရွှေ, ချည်ထည်နှင့် ဆေးရွက်ကြီးတွေပါပဲ။ တိုင်းနီတွေ မလုံမလဲဝတ်ဆင်ထားပုံကိုတော့ မဖော်ပြခဲ့ပါဘူး။

ကိုလံဘတ်ကို ကြီးကျယ်ခမ်းနားတဲ့ ဘွဲ့ထူးအသစ်တွေ တစ်ပုံကြီး ပေးလိုက်ပါတော့တယ်။ 'ပင်လယ်ရေကြောင်းဗိုလ်ချုပ်ကြီး', 'အင်ဒီးစ်ကျွန်းစု ဘုရင်ခံ' နှင့် တခြားဆုတံဆိပ်တွေ အပါအဝင် ထိပ်တန်းဆုလာဘ်တွေ စုံလို့ပါပဲ။

သူ ခရီးစဉ်ဇာတ်ကြောင်းကို အမြန် ပုံနှိပ်ထုတ်ဝေကြပြီး၊ ချက်ချင်း ဆိုသလို ဘာသာပေါင်းမြောက်မြားစွာနှင့် ပြန်ဆိုကြပါတယ်။

ဘုရင်ကြီးဖာဒီနန်နှင့် မိဖုရားကြီးအစ္စဘယ်လာတို့ဟာလည်း သူ့ရဲ့အောင်ပွဲအတွက် စိတ်လှုပ်ရှားကြရပါတယ်။

သူ ရောမသင်္ဘောစုကြီးနှင့် ဒုတိယအကြိမ် မထွက်ခွာမီ သူ့ကို ပိုက်ဆံတွေပေးလိုက်ကြတာ ကိုလံဘတ်ဟာ အသက်တောင် မရှူနိုင်အောင် အံ့သြရပါတယ်။

## အခန်း - ၆
## ဟစ်စပါနီယိုလာ တိုက်ပွဲ

ကိုလံဘတ်ဟာ ၁၄၉၃ ခုနှစ် စက်တင်ဘာလအတွင်းမှာ မြင်းတွေနှင့် ရိက္ခာတွေ တင်ထားတဲ့ သင်္ဘော ၁၇ စင်း၊ အလွန် စိတ်ဓာတ်တက်ကြွသူ ၁၂၀၀ တို့နှင့်အတူ အတ္တလန္တိတ်ကို ဖြတ်ပြီး တစ်ခေါက် ပြန်သွားခဲ့ပါတယ်။ အဲဒီလူတွေထဲမှာ ခရစ်ယာန်ဘာသာ ပြန့်ပွားဖို့ ဆောင်ရွက်လိုတဲ့ ဘုန်းကြီးတွေ၊ နယ်မြေသစ်တွေမှာ အိုးအိမ်တွေဆောက်လုပ်ဖို့ လက်မှုပညာသည်တွေ၊ စစ်သားတွေနှင့် ဥစ္စာရှာလိုတဲ့ သူကောင်းမျိုးတွေ ပါဝင်ကြပါတယ်။

ပထမဆုံး သူတို့ဟာ ချန်နေရစ်ခဲ့သူတွေနှင့် တွေ့ဖို့အတွက် နာဗီဒက်ကို အရင် ထွက်ခွာလာခဲ့ပါတယ်။ ထိတ်လန့်ဖွယ်မြင်ကွင်းက သူတို့ကို ဆီးကြိုနှုတ်ဆက်လိုက်တယ်လေ။ ခံတပ်ဟာ ပြိုကျပျက်ဆီး နေပြီး တစ်ယောက်မကျန် သေနေကြပါတယ်။

ကိုလံဘတ်ဟာ စိတ် နောက်ကျိသွားပါတယ်။ သူ့ကိုယ်သူ ထိန်းပြီး သူ့ရဲ့သင်္ဘောသားသစ်တွေကို စုဆောင်းကာ ကမ်းရိုးတန်း အောက်ဘက်မှာ ဒုတိယအခြေစိုက်စခန်းအတွက် နေရာရွေးချယ် ပါတယ်။



““ဒီအခြေစိုက်စခန်းကို ဘုန်းတော်ကြီးမြတ်တဲ့ တို့ရဲ့ဘုရင်မကြီးကို အစွဲပြုပြီး ‘အစ္စဘယ်လာ’လို့ ငါ နာမည်ပေးမယ်။”’လို့ သူက ပြောပါတယ်။ နေရာဟာ မကောင်းလှတဲ့ရွေးချယ်မှု ဖြစ်ပါတယ်။ အစ္စဘယ်လာစခန်းဟာ ခြင်တွေတင်းကြမ်းပြည့်နေပြီး စပိန်စစ်သားတွေ ရာနှင့်ချီပြီးသေစေလောက်တဲ့ အဖျားဝင်ကုန်ကြပါတယ်။

တစ်ချိန်တည်းမှာ တိုင်းနိုင်တွေကလည်း ဥရောပတိုက်သားတွေ ထံကကူးစက်ပြီး ကျောက်နှင့်ဝက်သက်တွေပေါက်ကာ ထောင်ပေါင်းများစွာ သေလုမျောပါး ခံစားနေကြရပါတယ်။

ကိုလံဘတ်ဟာ သေလောက်အောင်ဖြစ်နေတဲ့ လူတွေကို တားဆီးနိုင်မှာ မဟုတ်ပါဘူး။ သူဟာ ဟစ်စပါနီယိုလာကျွန်းပေါ်မှာ ရွှေနည်းနည်း တွေ့ခဲ့တဲ့အတွက် နောက်ထပ် များများရအောင်ရှာဖို့ စိတ်အားထက်သန်နေပါတယ်။ ဒါပေမယ့် သူလည်း ဖျားနာသွားပြီး မဖြစ်မနေ ပြန်လှည့်ရမည့်အခြေအနေ ဖြစ်နေလို့ အနီးအနားကျွန်း

တွေကိုတောင် မသွားနိုင်လောက်အောင် ဖြစ်နေပါတယ်။ သူရောက်သွားတဲ့အခါ ဟစ်စပါနီယိုလာမှာ ရုန်းရင်းဆန်ခတ်ဖြစ်နေတာကို တွေ့လိုက်ရပါတယ်။

ရွှေတွေ ရှားပါးတဲ့အတွက်ရယ်၊ အဖျားရောဂါ အကူးမြန်တဲ့အတွက်ရယ်ကြောင့် ဌာနေသားတွေဟာ သူတို့အချင်းချင်း စတင်တိုက်ခိုက်ကုန်ကြပါပြီ။ လူတွေဟာ အုပ်စုဖွဲ့ပြီး တိုင်းရင်းသား တိုင်နီတွေဆီက လုယက်ခိုးယူနေကြပါတယ်။ တိုင်နီတွေကလည်း ပြန်တိုက်စ ပြုနေပါပြီ။

ဒီနောက်မှာ ထိတ်လန့်ဖွယ်သတင်းတစ်ရပ် ကိုလံဘတ်ထံ ရောက်လာခဲ့ပါတယ်။ ဒေသခံခေါင်းဆောင်တွေဟာ သူ့ကို တိုက်ခိုက်ဖို့ သန်မာတဲ့စစ်သားတွေ ထောင်နှင့်ချီစုဆောင်းထားပြီး ကြီးမားတဲ့ တပ်ကြီးတစ်တပ် ဖွဲ့စည်းထားပါပြီ။

အဲဒီသတင်းကို ကိုလံဘတ်က သူ့လူတွေကို မထိမ်မချန် ဖွင့်ပြောပြလိုက်ပါတယ်။

"တို့ သူတို့နှင့် တိုက်ရလိမ့်မယ်။"လို့ သူက ပြောပါတယ်။

"ခုဆို တို့မှာ စစ်သား ၂၀၀ ပဲ ရှိတယ်။ ဒါပေမယ့် တို့ဟာ ဘယ်တိုက်ပွဲမဆို နိုင်နိုင်ပါတယ်။ သူတို့ရဲ့ လှံတွေဟာ တို့ရဲ့ဓားရှည်တွေ၊သေနတ်တွေနှင့် ယှဉ်လိုက်ရင် ဘာအသုံးကျမှာလဲ။"



စပိန်တွေက အချင်းချင်း တီးတိုးပြောလာကြတဲ့အခါ သူက ခုလို ထပ်ပြောလိုက်ပါတယ်။

"ပြီးတော့ တို့မှာ 'မြင်းတွေရှိတယ်'ဆိုတာကိုလည်း မမေ့ကြနှင့်။ တိုင်းရင်းတွေက ခြေလျင်သမားတွေ။"

မာန်ပါပါသန္နိဋ္ဌာန်ချလိုက်ပြီး တိုင်းရင်းတပ်ကြီးကို ရင်ဆိုင်ဖို့ ကိုလံဘတ်က သူ့လူတွေကို ဦးဆောင်သွားပါတယ်။ သူ့စကားအတိုင်း စပိန်တွေက သေနတ်နှင့်ပစ်ကာ တိုက်ခိုက်ကြတယ်။ တိုင်းရင်းတွေက စပိန်တွေ မြင်းစီးတိုက်တာကို မြင်လိုက်ရတဲ့အခါ လန့်ဖြန့်ကုန်ကြတာပေါ့။ သူတို့ဟာ အရင်က မြင်းကို မမြင်ဖူးဘဲကိုး။

တော်တော်များများက ရဲရဲဝံ့ဝံ့ပြန်လည်တိုက်ခိုက်ကြသော်လည်း၊ တချို့က ထွက်ပြေးကုန်ကြပါတယ်။ ဒါပေမယ့် စပိန်တွေက သူတို့အားလုံးအပေါ် လွှမ်းမိုးနိုင်သွားပြီး၊ တိုင်းရင်းတွေ ရာနှင့်ချီ သေဆုံးကြ၊ သုံ့ပန်းဖြစ်သွားကြပါတယ်။

စပိန်တွေဟာ ကျွန်းတစ်ခုလုံးကို မသိမ်းပိုက်နိုင်သေးသမျှ လက်မလျှော့သေးပါဘူး။ တိုက်ပွဲတွေ အများကြီးတိုက်ခိုက်ပြီးတဲ့နောက် သူတို့ဟာ ထိန်းချုပ်နိုင်သွားပါတယ်။ တိုင်းရင်းတွေကို ရွှေမှန်မှန်ပေးဖို့လည်း အကျပ်ကိုင်လိုက်ပါတယ်။

ဒေသခံစပိန်တွေဟာ အဲဒီလို သာယာအေးချမ်းမှုမရှိတဲ့ အခြေအနေရယ်၊ တိုင်းရင်းတွေအပေါ် ကြမ်းကြမ်းတမ်းတမ်း ဆက်ဆံတာရယ်ကြောင့် တုန်လှုပ်ချောက်ချားသွားကြပြီး၊ ဖာဒီနန်နှင့် အစ္စဘယ်လာထံ စာရေးကာ ကိုလံဘတ်အကြောင်းကို တိုင်ကြားပါတယ်။

ကိုလံဘတ်ဟာ သူ့ကိုယ်သူ ကာကွယ်ဖို့အတွက် စပိန်ကို ပြန်ဖို့ ဆုံးဖြတ်လိုက်ပါတယ်။

## အခန်း - ၇
## ကျော်ကြားမှုကျဆုံးခြင်း

သူ ပြန်ရောက်တဲ့အခါ ကိုလံဘတ်ဟာ နန်းတော်ကို တန်း သွားပါတယ်။ နန်းတော်မှာ သူက ဘုရင်နှင့် မိဖုရားတို့ကို ဆန်းပြား လှပတဲ့အဝတ်အစားတွေ လက်ဆောင်ပေးပါတယ်။ အစွာဘယ်လာ ကတော့ ရင်ခုန်တာပေါ့။ ဒါပေမယ့် နန်းတွင်းသူနန်းတွင်းသား အများက "နယ်မြေသစ်တွေမှာ အခြေအနေမကောင်းဘူး။" ဆိုတာ ကို သိနေကြပါတယ်။ တချို့သော အကြံပေးပုဂ္ဂိုလ်တွေကဆိုရင် ကိုလံဘတ်ဟာ သူပြောသလို "အင်ဒီးစ်ကျွန်းစုကို တွေ့ခဲ့တယ်။" ဆိုတာကိုတောင် သံသယရှိကြပါတယ်။

ကိုလံဘတ် နောက်တစ်ကြိမ် ထပ်မထွက်မီ ၂ နှစ်နီးပါး အချိန် ဖြစ်ပါတယ်။

၁၄၉၈ ခုနှစ် မတ်လမှာ သူဟာ အတ္တလန္တိတ်သမုဒ္ဒရာကို ဖြတ်ပြီး တတိယအကြိမ် ထွက်ခွာသွားပြန်ပါတယ်။ ဒါပေမယ့် အဲဒီ ခရီးစဉ်သွားနေတုန်း ရတ်တရက် လေအတိုက်ရပ်သွားကာ သူ့သင်္ဘော ဟာ ဇူလိုင်လရဲ့နေပူမှာ ရွက်မလွှင့်နိုင်ဘဲ ရပ်ထားရပါတယ်။

အပူလှိုင်းဟာ ၈ ရက်အထိ ကြာမြင့်ပါတယ်။ ရေလည်းပြတ် သွားပါပြီ။ သင်္ဘောပေါ်က ဝိုင်တွေဟာလည်း ဗင်နီဂါအချဉ်ရည်အဖြစ်

ပြောင်းလဲသွားပြီ။ သင်္ဘောသားတော်တော်များများ ဖျားနာကုန်ကြပါတယ်။ နောက်ဆုံးတော့ လေ ပြန်တိုက်လာတဲ့အတွက် သင်္ဘောတွေ သွားလို့ ရခဲ့ပါတယ်။

ကိုလံဘတ်က ကုန်းမြေကို လှမ်းမြင်ပါတယ်။ သူမြင်တဲ့ ကုန်းမြေဟာ တောင်ဆင်ခြေလျှော ၃ ခုရှိတဲ့ ကျွန်းတစ်ကျွန်း ဖြစ်ပါတယ်။ ကံကောင်းထောက်မလို့ သူဟာ ကုန်းမြေပေါ်ကို အသက်ရှင်လျက် ရောက်ခဲ့ရပါတယ်။ ဒါဟာ ဘုရားသခင်ကယ်လိုက်တာ သေချာပါတယ်။

အဲဒီကျွန်းကို သူက ဟိုလီထရီနီတီကို အစွဲပြုပြီး "ထရီနီဒက်" လို့ အမည်ပေးလိုက်ပါတယ်။

ဒါပေမယ့် သင်္ဘောဟာ ထရီနီဒက်နှင့် အမည်မရှိသေးတဲ့ ပင်မကုန်းမြေကြားရှိ အန္တရာယ်များလှတဲ့ ရေလက်ကြားကို ဖြတ်ကူးတဲ့အခါ ကိုလံဘတ်က ဟိန်းသံတစ်ခုကို သတိထားမိလိုက်ပါတယ်။ ထိတ်လန့်စရာပါ။ တစ်စက္ကန့်ထက် တစ်စက္ကန့် ပိုပိုပြီး ကျယ်လောင်လာပါတယ်။ ကိုလံဘတ်နှင့် သူ့သင်္ဘောသားတွေ တထိတ်ထိတ်



နှင့် စောင့်ကြည့်နေတုန်း ရောမလှိုင်းလုံးကြီးတစ်လုံး သင်္ဘောဆီကို တည့်တည့် ဦးတည်လာနေပါတယ်။ သူတို့ဟာ ထိတ်ထိတ်ပျာပျာနှင့် စောင့်ကြည့်နေရုံပဲ တတ်နိုင်ပါတော့တယ်။

လှိုင်းလုံးရောက်လာတဲ့အခါ လှိုင်းလုံးက သင်္ဘောကို လေထဲ အမြင့်ကြီး မြှောက်တင်ပစ်လိုက်ပါတော့တယ်။ ဒီနောက်မှာ အား ကောင်းတဲ့ရိုက်ချက်နှင့် ဝဲထနေတဲ့ သမုဒ္ဒရာရေပြင်ပေါ် ပြန်ကျလာ ပါတယ်။ ကုန်းပတ်ပေါ် ရေလွှမ်းသွားကာ သင်္ဘောလည်း တော်တော် ပျက်စီးသွားပြီး သင်္ဘောသားတွေ ပွန်းပဲ့ဒဏ်ရာရကုန်ကြတယ်လေ။ အံ့သြစရာကောင်းတာက သူတို့တွေ အသက်ရှင်ကျန်နေကြပါတယ်။

ကိုလံဘတ်က အရေးမထားဘဲ ကမ်းရိုးတန်းကို ဆက်ပြီး ရှာစမ်းပါတယ်။ ရက်ပေါင်း တော်တော်ကြာပြီးတဲ့နောက်မှာ သူဟာ မြစ်ကျယ်ကြီးတစ်ခုရဲ့ မြစ်ဝကို ရောက်ခဲ့ပါတယ်။

"ငါတော့ ရောမကုန်းမြေကြီးကို တွေ့ခဲ့ပြီ။ အမည်မရှိသေးတဲ့ တိုက်တစ်တိုက်ပဲ။"လို့ သူက တက်ကြွစွာကြေညာလိုက်ပါတယ်။ သူဟာ 'တောင်အမေရိကတိုက်ကို တွေ့လိမ့်မယ်။'လို့ စိတ်ကူးမရှိ ခဲ့ပါဘူး။

ဒါပေမယ့် နေမကောင်းတာကြောင့် သူဟာ ဟစ်စပါနီယိုလာ ကျွန်းပေါ်က မြို့တော်သစ် ဆန့်တိုဒိုမင်ဂိုကို ထွက်ခွာခဲ့ပါတယ်။ အဲဒီရောက်တဲ့အခါ သူသိရတာက အခြေချနေထိုင်တဲ့ စပိန်တွေက သူ့ကို ပုန်ကန်နေတာပဲ ဖြစ်ပါတယ်။ အင်ဒီးစ်ကျွန်းဘုရင်အဖြစ်နှင့် သူဟာ ငြိမ်သက်အောင် ကြိုးပမ်းခဲ့ပေမယ့် အရာမထင်ပါဘူး။

သင်္ဘောတွေဟာ စပိန်ကို 'ဟစ်စပါနီယိုလာကျွန်းမှာ ဖရိုဖရဲ ဖြစ်တာတွေကို ပိုများလာနေတယ်။'ဆိုတဲ့သတင်းယူပြီး ပြန်သွားကြ ပါတယ်။ တပ်လှန့်တဲ့အနေနှင့် စပိန်နန်းတော်က မှူးမတ်တစ်ဦး




ဖြစ်သူ ဖရန်စစ္စကို ဒီဘိုဘာဒီလာကို စုံစမ်းစစ်ဆေးဖို့ လွှတ်လိုက်ပါတယ်။

ဘိုဘာဒီလာ ရောက်သွားတဲ့အခါ သူက "ကိုလံဘတ်မှာ လုံးဝ တာဝန်ရှိတယ်။" လို့ အပြစ်တင် ဆုံးဖြတ်လိုက်ပါတယ်။

ကိုလံဘတ်ရဲ့ ခုခံချေပချက်တွေကို ဂရုမစိုက်ဘဲ ဘိုဘာဒီလာက သူ့ကိုဖမ်းကာ သံကြိုးခတ်ပြီး သင်္ဘောနှင့် စပိန် ပြန်ပို့လိုက်ပါတယ်။

ဖာဒီနန်နှင့် အစ္စဘယ်လာတို့ဟာ ကိုလံဘတ်ကို ရှက်စရာ ပုံစံနှင့် မြင်လိုက်ရတဲ့အခါ တုန်လှုပ်သွားကြပါတယ်။ သူတို့က ချက်ချင်းပဲ သူ့ကို အပြစ်က ခွင့်လွှတ်ပေးလိုက်ကြပါတယ်။ ဒါပေမယ့် ကိုလံဘတ်ကတော့ သူ့ရဲ့တုန်လှုပ်ချောက်ချားဖွယ် အတွေ့အကြုံကို ဘယ်တော့မှမမေ့ပါဘူး။ သူ့ကိုခတ်ထားတဲ့ သံကြိုးတွေကို ကျန်တဲ့ သူ့တစ်သက်တာလုံး သူ့နံဘေးမှာ သိမ်းထားခဲ့ပါတယ်။

## အခန်း ၁၈
## နောက်ဆုံး ရေကြောင်းခရီး

သူ့ရဲ့ နောက်ဆုံးအခေါက်အပြန်ဟာ တကယ်ပဲ ရှက်စရာ ကောင်းလှပါတယ်။ ဒါပေမယ့် ကိုလံဘတ်ဟာ ခုထိ ကျွန်းအသစ် တွေဆီကို သွားဖို့ ဆန္ဒရှိနေတုန်း ဖြစ်ပါတယ်။ သူ့ကို သွားခွင့်ပြုဖို့ နန်းတော်ကို နေ့စဉ် သွားရောက်တောင်းပန်ခဲ့တဲ့အတွက် နောက်ဆုံး မှာတော့ သူတို့က သူ့ကို ခွင့်ပြုလိုက်ပါတယ်။

၁၅၀၂ ခုနှစ်မှာ စတုတ္ထအကြိမ်မြောက် အတ္တလန္တိတ်ရေကြောင်း ခရီးကို သင်္ဘော ၄ စင်းနှင့် ထွက်ခွာခဲ့ပါတယ်။ ဒါပေမယ့် စည်းကမ်း ချက်တစ်ခုတော့ သတ်မှတ်လိုက်ပါတယ်။

"ခင်မင်ပါတဲ့ ကိုလံဘတ်ရေ"

အစ္စဘယ်လာက ထီးဟန်နန်းဟန်နှင့် ပြောလိုက်ပါတယ်။

"မင်းသွားမယ်ဆိုရင် ဆန်တိုဒိုမင်ဂိုကို မကပ်ပါနှင့်။ အခု အခြားတစ်ယောက်ကို တာဝန်ပေးထားတယ်။ တို့ နောက်ထပ် ပြဿနာမတက်စေချင်ဘူး။"

ကိုလံဘတ်က စိတ်မပါတပါနှင့် သဘောတူလိုက်ရပါတယ်။ ဒါပေမယ့် သူ ဟစ်စပါနီယိုလာကျွန်းနား ရောက်သွားတဲ့အခါ ရာသီ ဥတု ပိုဆိုးလာခဲ့ပါတယ်။

သို့သော်လည်း ဆန်တိုဒိုမင်ဂို ဆိပ်ကမ်းအရာရှိတွေက သူ့ သင်္ဘောတွေ အန္တရာယ်ရှိတယ်ဆိုတာကို မြင်ပါတယ်။ သူတို့က

ကိုလံဘတ်ကို ကမ်းကပ်ခွင့် မပြုပါဘူး။ သူ အကောင်းဆုံးလုပ်နိုင်တာက အနားကပ်ပြီး ခိုလှုံဖို့ပဲ ရှိပါတော့တယ်။

မုန်တိုင်းဟာ ဟာရီကိန်းဖြစ်လာပြီး သင်္ဘောတွေပတ်လည်ကို မွှေနှောက်ခဲ့ပါတယ်။ ရွက်တွေလည်း အပိုင်းပိုင်း ပြဲစုတ်ကုန်ကြပါတယ်။ ကျောက်ဆူးတွေ၊ရွက်တိုင်တွေလည်း မရှိကြတော့ဘဲ သင်္ဘောသားတော်တော်များများ သေကုန်ကြပါတယ်။

